လတံ့။ ဣတိ၊ ဤသို့ နှလုံးပြု၍။ ပိဏ္ဍပါတံ၊ ဆွမ်းအစရှိသော အာဟာရကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

## သေနာသန ပစ္စဝေက္ခဏာ

ပဋိသင်္ခါ ယောနိသော သေနာသနံ ပဋိသေဝါမိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ၊ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ၊ ယာဝဒေဝ ဥတုပရိဿယ ဝိနောဒန-ပဋိသလ္လာနာရာမတ္ထံ။

ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ ပဋိသင်္ခါ (ပဋိသင်္ခါယ)၊ ပညာဖြင့် ဆင်ခြင်၍။ သေနာသနံ၊ ကျောင်း အိပ်ရာနေရာကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ သီတဿ၊ အအေးကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်နိုင်ရုံ အကျိုးငှါသာ လျှင်။ ဥဏှဿ၊ မီးပူကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်နိုင်ရုံ အကျိုးငှါသာလျှင်။ ဍံသ မကသ ဝါတာတပ-သရီသပ သမ္ဖဿာနံ၊ မှက် ခြင် လေ နေပူ မြွေ ကင်းတို့၏ အတွေ့တို့ကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်နိုင်ရုံ အကျိုးငှါသာလျှင်။ သေနာသနံ၊ ကျောင်းအိပ်ရာ နေရာကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ယာဝ ဥတုပရိဿယ ဝိနောဒန ပဋိ-

---

**ဝိသုဒ္ဓိမဂ်**။ ။ပရိဿယနဋ္ဌေန (အဘိဘဝနဋ္ဌေန) ဥတုယေဝ ဥတုပရိဿယော- လွှမ်းမိုးနှိပ်စက်တတ်သော ဥတု၊ ပဋိသလ္လာနာရာမတ္ထံ- ဧကီဘာဝသုခတ္ထံ- (တခုတည်းသော ကမ္မဋ္ဌာန်း အာရုံကို ယူနေသဖြင့်) တယောက်တည်းကဲ့သို့ ဖြစ်ခြင်း၌ ချမ်းသာ ခြင်းအကျိုးငှါ။